ကျော်ဝင်း

(ဒုတိယအကြိမ်)

# ဖယ်ဒရယ်မူ
# သဘောတရားနှင့်လက်တွေ့

# FEDERALISM: THEORY AND PARCTICE

## စာရေးသူ၏ အမှာ

'ဖက်ဒရယ်မူ၊ သဘောတရားနှင့် လက်တွေ့' အမည်ဖြင့် ယခု စာစုကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် တကောင်းစာအုပ်တိုက်မှ ပထမအကြိမ် ထုတ်ဝေခဲ့ပါသည် ။ ဤအကြောင်းအရာနှင့်ပင် ပတ်သက်သော ကိုယ်တိုင်ရေး ဆောင်းပါးတစ်ပုဒ်နှင့် ဘာသာပြန်တစ်ပုဒ်ကိုလည်း ထည့်သွင်းဖော်ပြခဲ့သည် ။

ယခု တကောင်းစာပေမှ ပင် ဒုတိယအကြိမ် ထုတ်ဝေရာတွင် ခေတ်ပြိုင်ပညာရှင်တစ်ဦးဖြစ်သူ Alfred Stephan ၏ ဆောင်းပါးကိုပါ ဘာသာပြန်ဆို ထည့်သွင်း ဖော်ပြထားပါသည် ။ ဤဘာသာရပ်နှင့် ဆက်စပ်နေသော ကိုယ်တိုင်ရေး ဆောင်းပါးနှစ်ပုဒ်ကိုပါ စုစည်းထားသည် ။

ဖက်ဒရယ်လစ်ဇင်နှင့် မြန်မာ့နိုင်ငံရေးကို တစ်စုတစ်စည်းတည်း ဆက်စပ်လေ့လာနိုင်ဖို့ ရည်ရွယ်ပါသည် ။

ကျော်ဝင်း

၁၈၊ နိုဝင်ဘာ၊ ၂၀၁၅

******

# စကားဦး

## PROLOGUE

ယခုအခါ မြန်မာနိုင်ငံတွင် အရေးကြီးသည် နှင့်အမျှ ခက်ခဲသိမ်မွေ့ နက်ရှိုင်းလှသော အပြောင်းအလဲကြီးသုံးရပ်ကို ဖန်တီးပုံဖော်လျက်ရှိပါသည် ။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုတို့ ဖြစ်သည် ။ အဆိုပါ ဖြစ်စဉ်သုံးရပ်မှာ တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်စပ် ကျေးဇူးပြုလျက် ရှိသည် ဟုလည်း သဘောရပါသည် ။

အထူးသဖြင့် ပြည်တွင်းငြိမ်းချမ်းရေး အောင်မြင်စွာ မတည်ဆောက်နိုင်လျှင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၏ ရည်မှန်းချက်ဖြစ်သော ဒီမိုကရေစီမှာ ရေရှည်သဘောဆောင်ဖို့ မလွယ်သလို၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု ပီပီပြင်ပြင် ဆောင်ရွက်နိုင်ရေးတွင် လည်း ခက်ခဲနေဦးမည်ဟု ထင်သည် ။ ဤမျှအရေးကြီးလှသော ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုမှာလည်း အပစ်အခတ်ရပ်စဲရေး အောင်မြင်ပြီးမြောက်ရုံမျှနှင့် လုံလောက်အံ့မထင်ပါ။ အခြေခံကျကျ တည်ရှိနေသော နိုင်ငံရေးပြဿနာများကို ညှိနှိုင်းအဖြေရှာကြဖို့ လိုပါလိမ့်မည်။

ဤတွင် 'ဖက်ဒရယ်မူ' (Federalism) ဆိုသော အယူအဆနှင့်

ဝေါဟာရမှာ မလွဲမရှောင်သာ ရှေ့ရောက်လာရတော့သည် ။ သို့နှင့်အမျှ ဖက်ဒရယ်မူနှင့် ပတ်သက်ပြီး မိတ်ဆက်သဘော တင်ပြရလျှင် လက်ရှိအပြောင်းအလဲအတွက် တစ်စုံတစ်ရာ အကျိုးရှိလေမည်လား စဉ်းစားမိသည် ။ ဤစဉ်းစားချက်နှင့်ပင် ဖက်ဒရယ်မူ၏ သဘောတရားပိုင်း၊ နိုင်ငံတကာ လက်တွေ့ကျင့်သုံးပုံ၊ မြန်မာ့နိုင်ငံရေးနှင့် ဖက်ဒရယ်မူ စသည် များကို စာရေးသူ လက်လှမ်းမီသမျှ စုစည်းဖော်ပြလိုက်ပါသည် ။

******